Legacy Team

# ဧကရာဇ်ရဲ့ ချစ်လှစွာသော ရုပ်ဆိုးမလေး

စာစဉ်-၃



# ဧကရာဇ်ရဲ့ချစ်လှစွာသောရုပ်ဆိုးမလေး
# (စာစဉ်-၃)

## အခန်း ၆၇
## ငွေလောက်လို့လား

*

"ဖြည်းဖြည်းချင်းလေ့ကျင့်တာပေါ့"

ကျုံးမင်းဝေသည် ကုတင်ပေါ်တွင် လှဲလျောင်းနေပြီး အားချိုးက ဗန်းကို ခေါင်းအုံးရှေ့တွင် ချထားကာ ခေါက်ဆွဲပန်းကန်ကို ကိုင်ထားသည်။ ယခုအချိန်၌ လက်တစ်ဖက်တွင် ပန်းကန်လုံးကိုင်ထားပြီး အခြားလက်တစ်ဖက်က ဗန်းကိုကိုင်ကာ ကိုးရိုးကားရားဖြစ်နေသည်။

လက်ရှိတွင် ကျုံးမင်းဝေသာမဟုတ်၊ အားချိုးပင် သက်ပြင်းရှည်ကြီးချကာ နှစ်ယောက်စလုံး ရယ်မောလိုက်ကြသည်။

"ကျွန်မ ခေါက်ဆွဲစားရတာ ကြိုက်တယ်"

အားချိုးသည် တူကို စတင်အသုံးပြုပြီးနောက် ခေါက်ဆွဲကိုမျိုချပြီး ကျုံးမင်းဝေကို ပြော ပြသည်။

"ဒီနေ့တင်မကဘူး မနက်ဖြန်လဲ ခေါက်ဆွဲပဲ စားကြရအောင်"

ကျုံးမင်းဝေသည် တည်ငြိမ်သောမျက်နှာဖြင့် တူများကို ကောင်းကောင်းကိုင်ရန် ရုန်းကန်နေ ရသည်။ နောက်ဆုံးတွင်မှ သူသည် ခေါက်ဆွဲမျှင် ကို ပါးစပ်ထဲသို့ထည့်လိုက်ရကာ တွေးမိသည် က

အားချိုးက အဘယ်ကြောင့် နားမလည်ဘဲနေ မည်နည်း။ ကျုံးမင်းဝေမှာ အမြန်ပြန်ကောင်း

လာချင်သဖြင့် ကြိုးစားရုန်းကန်ပြီး အစာစားနေသည်။ ဒါပေမယ့် သူ့နဖူးပေါ်က ချွေးတွေကိုကြည့်ရင်း အားချိုးက တကယ်စိတ်မကောင်းဖြစ်မိသည် ။

ကျုံးမင်းဝေသည် နောက်ထပ် မှိုတစ်ခုကို ထပ်စားသည်။ ဂျင်ဆင်း၊ ကြက်တောင်ပံနဲ့ အထူးအဆန်းအစားအစာတွေကို စားဖူးတဲ့ လူလတ်ပိုင်းအရွယ်ယောကျ်ားဟာ ဒီအရသာကို အလွန်သဘောကျနေသည်။ အခုမှ အားချိုးက ကမ္ဘာသစ်ကို တံခါးဖွင့်ပေးလိုက်သလိုမျိုး ဘာပဲစားပါစေ အရသာရှိပြီး လတ်ဆတ်တယ်လို့ ခံစားနေရသည်။

"ကြိုက်လို့လား။ ကျွန်မ မနက်ဖြန်ကျ မှိုချည်းသပ်သပ် သုပ်ပေးမယ်၊ အဲ့ကျ လုံးဝ လတ်လတ်ဆတ်ဆတ် အရသာဆိုတာကို သိနိုင်ပြီပေါ့"

အားချိုးကလည်း ခေါက်ဆွဲမျှင်တွေကို ကိုက်ပြီး ပြုံးလိုက်သည်။ ကျုံးမင်းဝေက ခေါက်ဆွဲအား ရှင်မြူးစွာစားနေတာကိုကြည့်ပြီး သူမ အရမ်း ပျော်နေခဲ့သည်။

ညစာစားပြီးနောက် အားချိုးသည် ကျုံးမင်းဝေ အတွက် စံပယ်ရေနွေးကြမ်းတစ်ပန်းကန် ယူဆောင်လာပေးသည်။ ကျုံးမင်းဝေသည် ပြင်းထန်သော စံပယ်ရနံ့ကို အနံ့ခံရင်း သောက်ရန် ပျင်းရိနေလေသည်။

"နန်းတွင်းကလူတိုင်းဟင်းချက်တတ်တာပေါ့၊ အကုန်လုံးကို ကိုယ်တိုင် လုပ်ရမှာပဲ။ အစေခံ ပေးမဲ့လူမှမရှိတာ အရှင့်သားရယ်"

အားချိုးသည် အမျိုးသား၏ ကျောပေါ်၌ လိမ်းဆေးကို လိမ်းပေးလိုက်သည်။ တခြား နေရာတွေမှာ ရှိတဲ့ အနာတွေထပ် ထိုနေရာက အနာကြီးပြီး လက်ဖဝါးလောက်ရှိသည်။ အား

ချိုးသည် ကျုံးမင်းဝေကို တစ်နေ့ နှစ်ကြိမ် လိမ်းဆေး လိမ်းပေးတတ်သည်။

"နာနေသေးလား"

အားချိုးသည် သူ၏ ငိုက်မျဉ်းပြီး ပျင်းရိနေသော အသွင်အပြင်ကို ကြည့်ကာ သူသက်တောင့်သက်သာ ရှိနေသည်ကို သိလိုက်ရသည်။ အားချိုးက သူ့ကို ပိုသက်တောင့်သက်သာ ဖြစ်စေချင်တာကြောင့် သူမ လက်တွင် အင်အားအနည်းငယ်ထည့်ကာ ယောက်ျား၏ခါးတစ်ဖက်ကို ဖိလိုက်သည်။ သူက တစ်နေ့လုံး ပက်လက်အိပ်ထားတာဆိုတော့ ညောင်းနေမှာပေါ့။ အဲဒီလူက ပိုနေလို့ကောင်းသွားတယ်ဆိုတာ သိသာထင်ရှားစွာ ကျယ်လောင်စွာ ဟစ်အော်လာသည်။

"နောက်ရက်တွေ အရှင့်သား သက်သာလာတဲ့အခါ ကျွန်မ နေပူဆာလှုံဖို့ကူညီပေးမယ်။"

အားချိုးသည် ထိုလူ အသက်ရှုကျပ်နေမှန်း သိတာကြောင့် နေပူထဲ အကြာကြီး ခေါ်သွားချင်သည်။ အစပိုင်းတွင် ကျုံးမင်းဝေသည် သူမနှင့်ပူးပေါင်းခြင်းမရှိသဖြင့် မလှုပ်ရှားနိုင်ပေ။ အားချိုးသည် ပိန်လှီသော မိန်းကလေးဖြစ်ပြီး သူမဘယ်လောက် သန်မာပါစေ၊ သူ့အား မသယ်ဆောင်နိုင်ခဲ့ပေ။ သို့သော် ယခုအခြေအနေက မတူတော့ပေ၊ ကျုံးမင်းဝေသည်လည်း စိတ်ဝင်စားနေတာကြောင့် အားချိုးသည် လူတစ်ဦးကို နေရောင်ဆီသို့ လှမ်းခေါ်နိုင်လောက်သည်။

"အင်း"

မျှော်လင့်ထားသည့်အတိုင်း ကျုံးမင်းဝေသည် အလွန်ပူးပေါင်းဆောင်ရွက်မှုရှိပြီး မကန့်ကွက်ပေ။

"ဒါဆို အရှင့်သားအတွက် လုပ်လို့ရတဲ့ထိုင်ခုံ အ

ရင်ပြင်ထားရမှာပေါ့"

ကျုံးမင်းဝေ၏ မျက်လုံးများသည် တစ်ချိန်လုံး ကျဉ်းမြောင်းနေခဲ့ရာမှ ရုတ်တရက် ဖွင့်ပြီး အားချိုးကိုကြည့်လိုက်သည်။ အားချိုးက ပြန်ပြီး မေးလိုက်သည်

"ဘာဖြစ်လို့လဲ"

"ငွေလောက်လို့လား"

ကျုံးမင်းဝေက ရှက်ကိုးရှက်ကန်းဖြင့် ပြောလိုက်သည်။

သူမွေးလာကတည်းက ပိုက်ဆံအတွက် စိတ်ပူတာ ဒါမှမဟုတ် အိမ်သုံးပရိဘောဂပစ္စည်းအကြောင်း တစ်ခါမှ မမေးဖူးပေ။ ဒီရက်တွေမှာ သူ နေ့တိုင်း ကောင်းကောင်းစားပြီး ကောင်းကောင်းသောက်နေရသော်လည်း စိတ်ထဲတွင် နေလို့မကောင်းပေ၊ ဒါက အားချိုးရဲ့ စုဆောင်းငွေကြောင့်ဆိုတာ သူသိထားသည်။

အားချိုးရဲ့ စုဆောင်းငွေက မများဘူးဆိုတာကို လည်း သူသိသည်။ တောင်ပေါ်တွင် ဒီလိုနေထိုင်နေတာက အဆင်မပြေနိုင်ကြောင်းကိုလည်း သိထားခဲ့သည်။ အကြိမ်ကြိမ် မေးချင်ခဲ့ပေမယ့် ပြောမထွက်တာကြောင့် အမြဲမျိုချနေခဲ့ရသည်။ သူ့အခြေအနေနှင့် သူ့အသက်အရွယ်ကြောင့် တကယ်လို့မေးခဲ့ရင်တောင် ဘာမှမကူညီနိုင်လောက်ပေ။

***

# အခန်း ၆၈

# ထိုင်ခုံဝယ်ခြင်း

*

ဒါပေမယ့် ဒီနေ့တော့ အားချိုးက သူ့အတွက် လှဲစရာ ကုလားထိုင်တစ်လုံး ဝယ်မယ်ဆိုတာ ကြောင့် မမေးလို့ မရတော့ပေ။ သူလည်း နေပူထဲ ထွက်ချင်ပါသည်။ နှစ်ဝက်တစ်ခုလုံး မှောင်မိုက်တဲ့အခန်းထဲမှာ နေခဲ့ရတာကြောင့် သူ့တကယ်ကို အသက်ရှူကျပ်နေခဲ့သည်။ အရင်က သူစိတ်မဝင်စားပေမယ့် အခု နေပူဆာလှုံချင်မိသည်၊ ကောင်းကင်ပြာပြာနဲ့ တိမ်ဖြူတွေကို မြင်ချင်ပြီး အားချိုးပြောတဲ့ အိမ်က ဘယ်လိုပုံစံလဲဆိုတာ သိချင်သည်။

"ဘာဖြစ်လို့လဲ"

အားချိုး အံ့အားသင့်သွားပြီး သူ့ခါးကို ဆက်နှိပ်ပေးနေသည်။ သူမကအမြန် ပြော၏။

"လောက်ပါတယ်။ ကျွန်မ နန်းတော်မှာ အလုပ်လုပ်လာတာ နှစ်ပေါင်းများစွာကြာပြီပဲလေ၊ သချာပေါက် ကျွန်မမှာ စုဆောင်းငွေတွေရှိတယ်။ ပြီးတော့ သခင်မသွမ့်ကလည်း ကျွန်မအတွက် ငွေနည်းနည်း ပေးထားခဲ့တယ်၊ လေးငါးနှစ်စာလောက်တော့ လုံလောက်တယ်။ အဲဒါကို စိတ်မပူနဲ့။"

"အင်း။"

ကျိုးမင်းဝေက ပြန်ဖြေပြီး ထပ်စကားမပြောတော့ပေ။ ရေနွေးကြမ်းက အေးသွားတာကြောင့် အားချိုးက ရေနွေးခွက်ကို အသစ်ဖြည့်ပြီး ဗန်းပေါ်တင်လိုက်သည်။ ကျိုးမင်းဝေက မွှေးကြိုင်လွန်းနေသော လက်ဖက်ရည်ကို သောက်လိုက်

သည်။

လိမ်းဆေးဖြင့် နှိပ်နယ်ပေးပြီးနောက် အပြင်ဘက်တွင် မှောင်မည်းနေပြီဖြစ်သည်။ အားချိုးအခန်းထဲပြန်ဝင်ကာ ပိုက်ဆံအိတ်ကိုဖွင့်၍ ပြန်လှန်စစ်ကြည့်လိုက်သည်။ သုံးဆယ့်နှစ်ယွမ်၊ အားချိုးက သက်ပြင်းချလိုက်ပြီး ပိုက်ဆံအိတ်ကို ခေါင်းအုံးအောက်မှာ ထည့်လိုက်သည်။

အိမ်ကို ပြုပြင်ရမည်၊ အမိုးဆောက်ရမည်ဖြစ်ပြီး နင်းဂုတ၏ ဆောင်းရာသီသည် အလွန်ရှည်ကြာတတ်တာကြောင့် ဆောင်းအခါတွင် နှင်းတွေက တောင်ကြီးကို လအတော်ကြာ ဖုံးလွှမ်းနေမှာဖြစ်ကာ စားစရာတွေ၊ ငါးနဲ့ အသားတွေကို သိုလှောင်ထားရမည်။ ဆေးတွေလည်း ဝယ်ထားရဦးမည်။ ကျိုးမင်းဝေ၏ ခန္ဓာကိုယ်သည် ဤကဲ့သို့ ဆေးဝါးမျိုးနှင့် မလုံလောက်သေးပေ။ မိုးရာသီအတွက်လဲ

ဆေးဝါးအစုံ ပြင်ဆင်ထားရလိမ့်မည်။ ကျုံးမင်းဝေသည် အဝတ်ထူထူပင်မရှိသေးပေ၊ စကားမစပ်၊ မွေ့ယာနှစ်ခုဝယ်ရဦးမည်။

ပိုက်ဆံဆိုတာ နေရာတိုင်းမှာ လိုအပ်နေတာတော့ အမှန်ပင်။ အားချိုးက ကောက်ရိုးဖျာပေါ်လှည့်ပြီး တိတ်တိတ်လေး အော်ဟစ်နေမိသည်။

အဖွားချန်၊ အဖွားချန်၊ အဖွား ကျွန်မအတွက် အလုပ်အမြန်ရှာပေးမှဖြစ်မယ်နော်။

မနက်စာစားပြီးနောက် အားချိုးသည် တောင်ပေါ်မှဆင်းခဲ့သည်။ ဒီတစ်ခါတော့ ဝါးခြင်းတောင်း မသယ်ခဲ့ပေ၊ သူမသည် လှဲသည့်ထိုင်ခုံဝယ်ရန် ဈေးသို့သွားဖို့ စီစဉ်ခဲ့သည်။ ဝယ်နိုင်ရင် သူမဘာသာ အပေါ်ထိ တိုက်ရိုက်ပြန်သယ်သွားရမည်ဖြစ်တာကြောင့် သူမနှင့်အတူ ဝါးခြင်းတောင်းယူရန် အဆင်မပြေပေ။ ပိုက်ဆံအကြောင်း တွေးလိုက်ရုံနဲ့ အားချိုးရဲ့ နှလုံးသား

က မသာယာတော့ချေ။ သူမ အဖွားချန်တို့ကို မ တွေ့ခင် နှလုံးသားထဲမှာ ထပ်ခါထပ်ခါ ဆုတောင်းနေမိသည်။

ကျိုရှန်းကျောင်းအရောက်မှာ အားချိုးက အရှိန် လျှော့ပြီး အထဲကို ကြည့်လိုက်သည်။ အဖွားချန် ရှိလားဟု အထဲကိုဝင်ပြီး မေးချင်နေခဲ့ သော်လည်း အားနာစရာကောင်းလှသည်။ မနေ့ က အကူအညီပေးပြီးတာကို ဒီနေ့ပဲ ထပ်ပြီး အကူအညီလာတောင်းပြန်သည်။

ဈေးထဲမှာ လက်သမားဆိုင်ကို ရှာတွေ့တဲ့ အချိန် နောက်ဆုံးအကြိမ်က မဝင်ရဲခဲ့ သော်လည်း ဒီတစ်ခါ အားချိုး ဝင်လာခဲ့သည် ။

အားချိုးက ပတ်ကြည့်ရင်း သူမ လိုချင်တဲ့ပုံစံကို မမြင်တာကြောင့်

"ဟိုဟာ နေရောင်အောက်မှာ လှဲမှီလို့ရတဲ့ ထိုင်ခုံမျိုးလေ၊ သက်ကြီးရွယ်အိုတွေ အသုံးများ

တယ်။"

ဆိုင်ရှင်က အမြန် အားချိုးကို သူနဲ့အတူ ထောင့်ကိုခေါ်သွားပြီး ပြုံးပြလိုက်သည်။

"ကောင်မလေး တိုက်ဆိုင်လို့ ဒီနေ့ရောက်လာတာ။ ဆိုင်မှာ ဒီကုလားထိုင်မျိုးက တစ်လုံးပဲ ကျန်တော့တယ်။ နောက်မှ ရောက်လာရင် မင်းလက်ဗလာနဲ့ပြန်သွားရတော့မလို့။"

အားချိုးသည် သင့်လျော်သောအရွယ်အစား၊ လှပသောဒီဇိုင်းဖြင့် စိတ်ကျေနပ်စရာကောင်းသော ကုလားထိုင်ကို ကြည့်လိုက်သည်။ အခု သူမ ထိုင်ကြည့်ပြီး နှစ်ကြိမ်လှုပ်ဖို့ ကြိုးစားလိုက်သည်။ ခုံက တော်တော်ကျယ်ပြီး သူမခန္ဓာကိုယ်အရွယ်အစား နှစ်ယောက်ထိုင်ရန် လုံလောက်သည်။ ကျုံးမင်းဝေ၏ ခန္ဓာကိုယ်အရွယ်အစားကို တွေးတောရင်း အားချိုးသည် ပို၍ ကျေနပ်လာသည်။ တစ်ချိန်တည်းမှာပင်

ဆိုင်ရှင်ကို ခေါင်းစောင်းပြီး မေးလိုက်သည်။

"ထိုင်ခုံရဲ့ နောက်ကျောကိုရော ချလို့ရလား၊ အကြာကြီးထိုင်ပြီးရင် ညောင်းလာနေမှာပေါ့"

"မိန်းကလေး ကြည့်၊ ကုလားထိုင်ရဲ့နောက်ဘက်မှာ ယန္တရားတစ်ခုရှိတယ်။ အဲဒါကို လှည့်လိုက်ရင် ထိုင်ခုံရဲ့ နောက်ကျောကို ချလို့ရတယ်။ လွယ်လွယ်လေး။"

ဆိုင်ရှင်က ပြောသည့်အတိုင်း လှည့်လိုက်ရာ ကုလားထိုင်၏ နောက်ကျောက ဖြည်းညှင်းစွာ ကျဆင်းလာသည်။ ဆိုင်ရှင်က ကုလားထိုင်ရဲ့ နောက်ကျောကို ပွတ်သပ်ပြီး အားချိုးအား ပြောသည်။

***

## အခန်း ၆၉
## ကုန်းဝမ်ကဲ့

*

အားချိုးက မအိပ်ခဲ့ပေ၊ သူမက ထိုင်ခုံနောက်ကျောကို ပြင်းပြင်းထန်ထန် ဖိလိုက်သည်။ ကုလားထိုင်က နေရထိုင်ရအရမ်းကောင်းတယ်လို့ သူမ ခံစားမိသည်။ သူမက ကုလားထိုင်ကိုကိုင်ပြီး အတွင်းဘက်ကို ပြန်လှည့်ကာ ကုလားထိုင်၏ နောက်ကျောကို ဖြည်းညှင်းစွာ မတ်လိုက်သည်။ အားချိုးက အရမ်းကျေနပ်နေပေမယ့် တုံ့ဆိုင်းစွာမေးလိုက်သည်။

"ဆိုင်ရှင်၊ ဒီကုလားထိုင်ရဲ့ ဈေးနှုန်းက

ဘယ်လောက်လဲ"

ဆိုင်ရှင်က ပြုံးပြုံးလေးနဲ့ပြောသည်။

"မိန်းကလေး ဒီထိုင်ခုံက ဘယ်လောက်တောင် ခေတ်မှီလဲ။ ဒီလိုကောင်းတဲ့ ကုလားထိုင်က အနည်းဆုံး ငွေသုံးစလောက်တော့ ပေးရပါတယ်"

"ငွေသုံးစ ဟုတ်လား"

အားချိုးက တကယ်ကို ထိတ်လန့်သွားပြီး သူမ မျက်လုံးတွေက ကြေးခေါင်းလောင်းလို ဝိုင်းစက်နေသည်။

"ဒီလိုကုလားထိုင်တစ်ခုအတွက် ငွေသုံးစတောင် ယူသလား၊ ပြီးတော့ ဒီဆိုင်မှာ ဒီတစ်လုံးကျန်တော့တာကို မလျှော့ပေးဘဲ ဘယ်လိုတောင် ငွေသုံးစတောင်းရဲတာလဲ။"

ရယ်စရာတွေ၊ သူမ သုံးလလောက် အဝတ်လျှော်ပြီးမှ ဒီထိုင်ခုံကို ဝယ်နိုင်မှာပေါ့။

ရှင်းရှင်းလင်းလင်းကြီး ခါးပြတိုက်နေတာပဲ။

"ကောင်မလေး ဒီလို ကုလားထိုင်တစ်လုံးပဲ ကျန်တော့တယ်ဆိုကတည်းက ဒါရောင်း အားကောင်းလို့လေ။ ဒီကုလားထိုင်မှာသာ ပြဿနာတစ်ခုခုရှာတွေ့ရင် ငါအလကားတောင် ပေးလိုက်ဦးမယ်"

"ဒီကုလားထိုင်က ဇီယန်က ကြိမ်နဲ့လုပ်ထား တာ၊ ပြီးတော့ ထိုင်ခုံခြေဆိုလဲကြည့် နင်းဂုတမှာ ရှာမတွေ့တဲ့အသားနဲ့ကွ။ ဒီလောက်ကောင်းတာ၊ သေချာပေါက် ဈေးမြောက်တာပေါ့"

အားချိုးသည် သူပြောသော သစ်သားတွေကို မ သိသော်လည်း ဒီလောက်ထိ အဖိုးတန်သည်ဟု မထင်ခဲ့ပေ။

"မဟုတ်သေးဘူး၊ အရမ်းဈေးကြီးနေတယ်။ ရှင် နည်းနည်းလျှော့ပေးပါဦး မဟုတ်ရင် ကျွန်မ မဝယ်တော့ဘူး"

ဆိုင်ရှင်က ထပ်ပြောချင်သော်လည်း သူ့ပခုံးပေါ်၌ လက်တစ်ဖက်ရောက်လာသည်ကို တွေ့လိုက်ရသည်။ ဆိုင်ရှင်သည် ကြောက်လန့်တကြား ဆဲဆိုကာ လှည့်ကြည့်လိုက်သည်။ ထိုလူ၏မျက်နှာကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရသောအခါ မျက်နှာထားအမြန်ပြောင်းကာ ပြုံးပြီး

အားချိုးလည်း ဆိုင်ရှင်နောက်ကို လှမ်းကြည့်လိုက်သည်။ ထိုလူ၏မျက်နှာကို မြင်သည်နှင့် ရုတ်တရက်

ကုန်းဝမ်ကျဲက အားချိုးကို မကြည့်ခဲ့ပေ။ သူသည် ဆိုင်ရှင်ကိုငုံ့ကြည့်လိုက်သည်။ သူက အရပ်ရှည်ပြီး လူကောင်ထွားတာကြောင့် ဆိုင်ရှင်ရဲ့ဦးခေါင်းတစ်လုံးစာလောက် ပိုမြင့်နေခဲ့သည်။ အထူးသဖြင့် ဖိနှိပ်ချုပ်ချယ်လွန်းတဲ့ မျက်နှာထားဖြင့် ဆိုင်ရှင်ကို ရှုံ့ချစွာစိုက်ကြည့်

နေသည်။ ဒီလိုချပ်ဝတ်တန်ဆာတွေကြောင့် ဆိုင်ရှင်ရဲ့အပြုံးက ငိုတာထက်တောင် ပိုဆိုးလာသည်။

ကုန်းဝမ်ကျဲက အားချိုး နံဘေးက လှူပ်ကုလားထိုင်ကို စိုက်ကြည့်ရင်း ဆိုင်ရှင်ကို စျေးမေးလိုက်သည်။

စျေးဆိုင်ရှင်က သူ့ကို ဘယ်မှာ ငွေတောင်းရဲပ့်ါမည်နည်း။ သူက ပြုံးပြုံးလေးဖြင့်

"သခင်လေး ကြိုက်ရင် သခင်လေးရဲ့အိမ်တော်ကို ကျွန်တော်ပို့ပေးလိုက်ပါမယ်၊ ပိုက်ဆံကတော့ မယူတော့ပါဘူးဗျာ"

တစ်ချိန်လုံး နှုတ်ဆိတ်နေသော အားချိုးသည် အလျှင်စလိုဖြင့် ဆိုင်ရှင်ရဲ့ အကျီလက်ကို ဆွဲလိုက်ပြီး

"ဆိုင်ရှင်၊ ကျွန်မ အရင်မေးတာလေ၊ တခြားသူတွေကို ဘယ်လိုလုပ်ရောင်းလို့ရမှာလဲ။"

ဆိုင်ရှင်က စိတ်မရှည်စွာဖြင့် အားချိုး၏လက်ကို ခါလိုက်ပြီး တစ်ချိန်တည်းမှာပင် သူက အမြန်ပြုံးကာ ကုန်းဝမ်ကျဲအား ပြောလိုက်သည်။

"သွားရအောင် သခင်လေး၊ ကျွန်တော် ကုလားထိုင် လိုက်ပို့ပေးမယ်"

နင်းဂုတသည် ကျောက်မင်းဆက်တွင် ထူးခြားသောတည်ရှိမှုတစ်ခုဖြစ်သည်။ ဝေးလံခေါင်သီတဲ့အရပ်မှာ တည်ရှိပေမယ့် ကျောက်မင်းဆက်အတွင်း ရာဇဂုတ်ကောင်များကို ပြည်နှင်ဒဏ်ပေးသည့်နေရာများထဲမှ တစ်ခုဖြစ်တာကြောင့် အဓိကအားဖြင့် တော်ဝင်တရားရုံး၏ အရေးပါသော အရာရှိများထံ လွှဲအပ်ထားသည်။ ဤနင်းဂုတတွင် နေထိုင်သူနည်းပါးပြီး သက်တော်စောင့်များစွာရှိသည်။ ထိုထဲမှ ကိုယ်ရံတော်တပ်မှူး ကုန်းဝမ်ကျဲသည် မြို့အုပ်ချုပ်ရေးမှူးထက်ပင် မြင့်မားသော

အဆင့်အတန်းကို ပိုင်ဆိုင်ထားသည်။ ဆိုင်ရှင်သည် ဆယ်စုနှစ်များကြာအောင် စီးပွါးရေးလုပ်ခဲ့သူပင်၊ သူဘယ်မှာ နားမလည်ဘဲနေမည်နည်း။

ကုန်းဝမ်ကျဲသည် သူ့မျက်နှာပေါ်တွင် အပြုံးတစ်ခုဖြင့် ဆိုင်ရှင်ကို ကြည့်လိုက်ပြီးနောက် ဒေါသအပြည့်ဖြင့် ကုလားထိုင်လက်ကိုင်ကို ကိုင်ထားသည့် အားချိုးကို ကြည့်လိုက်သည်။ သူဘာမှပြန်မပြောဘဲ ဈေးဆိုင်ရှင်ကို ခေါင်းညိတ်ပြပြီး သစ်သားထည်ဆိုင်မှ ထွက်လာခဲ့သည်။

ဆိုင်ရှင်သည် အမြန်ဝန်ထမ်းကို ကုလားထိုင်ကို ပို့ပေးရန် ပြောလိုက်သည်။ အားချိုးက ဝန်ထမ်းတွေ သယ်ဆောင်သွားတဲ့ ကုလားထိုင်ကို ကြည့်လိုက်သည်။ ဒီနေ့ ဒီကုလားထိုင်ကို သူမ မဝယ်နိုင်တော့ဘူးဆိုတာ သိလိုက်ရပြီး ဆိုင်ရှင်နဲ့ စကားပြန်မပြောချင်တော့တာကြောင့် ခေါင်းငိုက်စိုက်နဲ့ ဆိုင်က ထွက်လာခဲ့လိုက်

သည်။

***